# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 31, 2024 Volume 83, Number 20


**၃၁.၁၀.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၉.၇ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၆.၃ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၈၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၉.၅၆ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၈၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်တွင်းစားဆန်ဈေး ၈၅,၀၀၀ မှ ၁၅၀,၀၀၀ ကျပ်အကြားသတ်မှတ်



ပြည်တွင်းစားသုံးမှုရှိတဲ့ ဆန်အုပ်စုအလိုက် ၁၀၈ ပေါင်/၂၄ ပြည်တစ်အိတ်ကို အမြင့်ဆုံး ၈၅,၀၀၀ ကျပ် မှ ၁၅၀,၀၀၀ကျပ် အကြား ဈေးသတ်မှတ်ထားကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ နိုဝင်ဘာလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထုတ်ပြန်ချက်အရ သိရသည်။

ဧယာ၊ငွေတိုး၊မင်းရော၊နံ့ကောက် ၊ရွှေမန်းစတဲ့ ဆန်ဈေးတွေကို ၈၅,၀၀၀ ကျပ် သတ်မှတ်ထားပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးက ထွက်ရှိတဲ့ ရွှေသွယ်၊အညာသား၊ပခန်း၊ မော်ဘီ-၂ ၊မော်ဘီ-၃၊ဖန်သီးသုခ၊လုံးသွယ်မွှေး၊ ရက် ၉၀ ၊ မိုး-မနောသုခ/ဆင်းသုခ၊ ဗျော့ထွန်း ဆန်ဈေးတွေကို ၉၇,၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊နေပြည်တော်နှင့် မြန်မာနိုင်ငံအထက်ပိုင်းက ထွက်ရှိတဲ့ ရောမင်း၊ရောပဒေသာ၊မဂျမ်းတောဆန်ဈေးတွေကို ၁၃၃,၀၀၀ ကျပ်သတ်မှတ်ပြီး ဧရာဝတီတိုင်းကထွက်ရှိတဲ့ ရောပဒေသာ / ရောမင်းဆန်အိတ်တစ်အိတ်က ၁၀၃,၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။

ဧရာဝတီပေါ်ဆန်းအုပ်စု ပထမတန်း(အဆင့်မြင့်)တစ်အိတ် ၁၂၅,၀၀၀ကျပ်နဲ့ ဒုတိယတန်းဈေး ၁၂၀,၀၀၀ကျပ်၊ ခွန်/ပေါ်ကျွဲ (ပေါ်ဆန်းအုပ်စု)တစ်အိတ် ၁၃၅,၀၀၀ ကျပ်၊ ရွှေဘို

ပေါ်ဆန်း ပထမတန်း (အဆင့်မြင့်)တစ်အိတ် ၁၅၀,၀၀၀ ကျပ်နဲ့ ဒုတိယတန်း ၂၄ ပြည်တစ်အိတ်ဈေး ၁၄၅,၀၀၀ ကျပ်သတ်မှတ်ထားပါတယ်။

ဈေးကွက်အတွင်း ရောင်းချရာမှာ သင့်တင့်မျှတတဲ့ ရည်ညွှန်းဈေးနှုန်းတွေအပေါ် ၈ ရာခိုင်နှုန်းပိုပြီး ရောင်းချခြင်းမပြုကြရန် စားသုံးသူရေးရာဦးစီးဌာနက အသိပေးထားပါတယ်။

နိုဝင်ဘာလအတွက် ပြည်တွင်းစားဆန်ဈေး သတ်မှတ်ချက်ကို တောင်သူ၊ဆန်စက်လုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရောင်းချသူတွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ယခင်နှစ်ဈေးနှုန်းတွေ၊နိုင်ငံတကာဈေးနှုန်းတွေ၊ ပြည်တွင်းဈေးကွက်က အခြားကုန်ဈေးနှုန်းတွေနဲ့ချင့်ချိန်ဆက်စပ်တွက်ချက်ထားတယ်လို့ သိရသည်။

သင့်တင့်မျှတသော ဈေးနှုန်းတွေနဲ့ရောင်းချခြင်းမရှိတဲ့ အခြေအနေတွေကို သိရှိရင် စားသုံးသူရေးရာဦးစီးဌာနနဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ထံ အသိပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

**Source: BETV Business**

## ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ ဂန္ဓမာပန်း (အဝါကြီး) စိုက်ပျိုးဖြစ်ထွန်း၍ ဈေးကောင်းရ



ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ တောင်လုံးညိုကျေးရွာတွင် အပိုဝင်ငွေရရှိရန်အတွက် ဂန္ဓမာပန်းများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုပုံစံအနေဖြင့် မြေပေါင်တင်စနစ်၊ မြေအောက် ရေတင်စနစ်တို့ဖြင့် စိုက်ပျိုးကာ မြေအကျယ်ပေ ၄၀ ပတ်လည်တွင် အပင်ရေ ၅၀၀၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဂန္ဓမာပန်းကို မေလတွင် စတင်စိုက်ပျိုးပြီး လေးလအကြာ အောက်တိုဘာလတွင် ခူးဆွတ်ရောင်းချကြောင်း၊ မျိုးအနေဖြင့် ဂန္ဓမာပန်း(အဝါကြီး)မျိုးကို ယခင်နှစ်က စိုက်ပျိုးထားသည့် အညွန့်ကို ဖြတ်၍လည်းကောင်း၊ ကိုင်းကိုဖြတ်၍ ကျန်သည့်အမြစ်ပါသော ကိုင်းများကို ပျိုးထောင်၍လည်းကောင်းစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးပန်းပင်များကို ငါးရက်-ခုနစ်ရက်ခြားတစ်ကြိမ် ပိုးသတ်ဆေးဖျန်းပေးရကြောင်း၊ ဂန္ဓမာပန်းစိုက်ပျိုးမှုအတွက် မြေပေါင်တင်ခြင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ရေသွင်းခြင်း၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ ဂန္ဓမာပန်း(အဝါကြီး) အရောင်းအဝယ်ဖြစ်သည့် ဈေးအနေဖြင့် ယခင်နှစ်က တစ်စည်းလျှင် ကျပ် ၅၀၀ ရရှိခဲ့ပြီး ယခုနှစ်တွင် ပန်းခြောက်ပွင့်၊ ခုနစ်ပွင့်ပါတစ်စည်းလျှင် ကျပ် ၉၀၀ ဖြင့် ရောင်းချရကြောင်း၊ ကိုင်းအသေးတစ်စည်းလျှင် ကျပ်၂၅၀ ဖြင့် ရောင်းချကြောင်း၊ ဂန္ဓမာပန်းပင်ကို တစ်ခါစိုက်ပျိုးပြီး ပြုစုပျိုးထောင်မှုကောင်းမွန်လျှင် မျိုးဆက်သုံးကြိမ်အထိ ချိုးယူခူးဆွတ်နိုင်ပြီး ပန်းစပွင့်သည်မှ လေးရက်ခြားတစ်ကြိမ် ခူးဆွတ်နိုင်ကြောင်း၊ ယခုနှစ်တွင် မိုးများပြီး အရွက်အဖျားအနာကျသဖြင့် ပန်းအထွက်နှုန်းနည်းပါး၍ ဈေးကောင်းရရှိပြီး အကျိုးအမြတ်အနေဖြင့် ဂန္ဓမာပန်းပင် ၅၀၀၀ စိုက်ပျိုးလျှင် ကျပ်သိန်း ၂၀ ခန့်ရရှိကြောင်း၊ ရွှေတောင်ဒေသထွက်ဂန္ဓမာပန်းပင်(အဝါကြီး)များကို ကြို့ပင်ကောက်၊ ပေါင်းတည်၊ ဇီးကုန်း၊ ပြည်နှင့် ဥသျှစ်ပင်မှ ပန်းအဝယ်ဒိုင်များက စိုက်ခင်းသို့လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် ပန်းဈေးကွက်များသို့ ပြန်လည်တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## အောင်လံမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဝါသီးနှံနှင့် ဈေးနှုန်းဈေးကွက်




မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြေပဲ၊နှမ်း၊ပဲတီစိမ်း၊ ပဲစင်းငုံ၊ နေကြာနှင့် ဝါသီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ဝါသီးနှံ ၂၃,၂၇၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဝါသီးနှံကို ဇူလိုင်လကုန်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ထွက်ပေါ်မည်ဖြစ်ကြောင်း၊ ဝါမျိုးများအနေဖြင့် ရွှေတောင် ၁၀ ၊ RAKA ၊T BL195၊ B31 မျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ ၇ ပိဿာခန့် ကုန်ကျပြီး စိုက်ပျိုးမှုအတွက် ထွန်ယက်ခ၊ မျိုးစေ့၊ စိုက်ပျိုးစရိတ်၊ သွင်းအားစု အပါအဝင် စုစုပေါင်းငွေကျပ် ၆ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၅၀ မှ ၃၅၀ ပိဿာထွက်ရှိပြီး ဝါတစ်ပိဿာလျှင် ကျပ် ၃,၅၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ကျပ် ၆ သိန်းကျော် အမြတ်ရရှိကြောင်း၊ ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်တွင် ဝါတစ်ပိဿာလျှင် ကျပ် ၃,၂၀၀-၃,၄၀၀၊ ဝါဂွမ်းတစ်ပိဿာလျှင် ကျပ် ၈,၀၀၀-၈,၅၀၀-၉,၀၀၀၊ ဝါစေ့ တစ်ပိဿာလျှင် ကျပ် ၁,၄၀၀-၁,၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့်မြို့ပေါ်ပွဲရုံများမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး၊တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ နှင့် ပုဂ္ဂလိကအထည်စက်ရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံအပင်များ အသီးအပွင့်များ ပွင့်ဖူးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရာသီဥတုကောင်းမွန်သောကြောင့် အထွက်နှုန်းကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်းသိရသည်။

**Source : DOCA(မကွေး)**

https://commerce.gov.mm/my/article/update-news-local-trade/31838

## မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပိန်းဥပင်များ စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေရရှိ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်သည် တောင်ကုန်းတောင်တန်းများသည့် ကျွန်းမြို့နယ်ဖြစ်ပြီး ဒေသခံပြည်သူများမှ စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်လျက်ရှိရာ ချောင်းဆုံမြို့နယ် ချောင်းဆုံခြံတန်းကျေးရွာ၌ ပိန်းဥစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

မျိုးအနေဖြင့် ဗမာမျိုးပိန်းဥပင်ကို ဧပြီလတွင် စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလကုန်တွင် ပိန်းဥများကို တူးဖော်ရောင်းချရကြောင်း၊တစ်ဧကလျှင် နှစ်တန်းစိုက်သည့်စနစ်ဖြင့် စိုက်ပျိုးရာ မျိုးတက် ၂၀၀ ကျော် ကုန်ကျကြောင်း၊စတင်စိုက်ပျိုးစဉ်မှ ပိန်းဥထွက်ရှိ ရောင်းချချိန်အထိ အပင်သက်တမ်းမှာ ငါးလခွဲမှ ခြောက်လခန့် ကြာမြင့်ပြီး တစ်ဧက ပိဿာ ၇၅၀ ထွက်ရှိကြောင်း၊ ပိန်းဥပင်စိုက်ပျိုးရာတွင် မျိုး၊သွင်းအားစု၊လုပ်သားခ အပါအဝင် တစ်ဧကလျှင် ကျပ် သိန်း ၂၀ ခန့်ကုန်ကျကာ ပိန်းဥတစ်ပိဿာလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၆၀၀၀၊လက်လီဈေးနှုန်း ငွေကျပ် ၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းကျော် အမြတ်ရကြောင်း ၊ဈေးကွက်အနေဖြင့် ချောင်းဆုံမြို့နယ်ဒေသများအပြင် မော်လမြိုင်မြို့ပေါ်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပိန်းဥဈေးကွက်သည် နှစ်စဉ်ဈေးနှုန်းကောင်းမွန်သည့်အတွက် တောင်သူများပိုမိုစိုက်ပျိုးလျက်ရှိကာ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်မျိုးစုံ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်မျိုးစုံ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးဈေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မန္တလေးမြို့ရှိ ဈေးချိုတော်မှာကုန်ခြောက်၊အဝတ်အထည်များ၊ လူသုံးကုန်၊စားသောက်ကုန်များအပြင် အခြားပစ္စည်းအမျိုးမျိုးကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ အဆိုပါဈေးချိုတော်တွင် အောက်တိုဘာလ နောက်ဆုံးပတ်မှစ၍ စားသောက်ကုန်မျိုးစုံ အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

“ အခုဈေးချိုတော်မှာ ငါးခြောက်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ လက်ဖက်၊ ခေါက်ဆွဲခြောက်၊ငရုတ်သီး၊ ခရမ်းချဉ်သီး ၊ ကြက်သွန်နီ ၊ ကြက်သွန်ဖြူနဲ့ကုလားပဲစတဲ့ စားသောက်ကုန်ပစ္စည်းတွေ တော်တော်လေးရောင်းအားကောင်းလာတယ်။သစ်သီးဝလံတွေကတော့ ဈေးချိုတော်မှာ အရောင်းအဝယ်အကောင်းဆုံးဖြစ်ပါတယ်” ဟု ၎င်းကပြောပြသည်။

မန္တလေးဈေးချိုတော်ရှိ သစ်သီးဝလံရောင်းချလျက်ရှိသည့် သစ်သီးတန်းတွင် သဘော်သီး၊ ဖရဲသီး၊ စတော်ဘယ်ရီသီး၊ မင်းကွတ်သီး၊စပျစ်သီး၊ဂရိတ်ဖရုသီး စသည့်သစ်သီးများ အရောင်းအဝယ်အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

မန္တလေးဈေးချိုတော်တွင် တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာသည့် အဝတ်အထည်ပစ္စည်းများအပါအဝင် အခြားအလှကုန်နှင့် လူသုံးကုန်ပစ္စည်းများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဈေးချိုတော်တွင်စားသောက်ကုန်၊အဝတ်အထည်၊အထည်အလိပ်၊တိုင်းရင်းဆေးဝါး၊ရွှေထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ဂျပန်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိပြီး ဆန်အထွက်နှုန်းကျဆင်းမှုကိုဖြေရှင်းနိုင်မည့် စပါးမျိုးကို စိုက်ပျိုးလာ



ဂျပန်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိပြီး ဆန်အထွက်နှုန်းကျဆင်းမှုကို ဖြေရှင်းနိုင်မည့်စပါးမျိုးကို စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်က ဂျပန်နိုင်ငံတွင် ပုံမှန်မဟုတ်သော ပူပြင်းသည့်ရာသီဥတုကြောင့် တစ်နိုင်ငံလုံး စပါးအထွက်နှုန်းများစွာ ကျဆင်းခဲ့ကြောင်း၊စပါးအထွက်နှုန်းကျဆင်းခြင်းကြောင့် ဂျပန်နိုင်ငံတွင် ယခုနှစ်နွေရာသီတွင် ဆန်ပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်သည့်အပြင် ဆန်ရှားပါးမှုကြောင့် ဆန်ဈေးမြင့်တက်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

အပူချိန်မြင့်တက်မှုက နိုင်ငံ၏ စပါးအပါအဝင် ကောက်ပဲသီးနှံစိုက်ပျိုးမှုများတွင် ဆုံးရှုံးမှုများဖြစ်စေသည့်အပြင် ထွက်ရှိလာသောစပါးနှင့်ကောက်ပဲသီးနှံများ၏ အရည်အသွေးကိုလည်းကျဆင်းစေကြောင်း National Institute for Environmental Studies မှ သုတေသီများက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုကြောင့် လယ်ကွင်းများမှထွက်သော စပါးများ၏ ငါးပုံတစ်ပုံအရည်အသွေးကျဆင်းသွားကြောင်း လယ်ယာဝန်ကြီးဌာနကပြောကြားခဲ့သည်။

ထို့ကြောင့် အစိုးရသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်ရည်ရှိပြီး ဆန်အထွက်နှုန်းကျဆင်းမှုကို ဖြေရှင်းနိုင်မည့်စပါးမျိုးကို မျိုးစပ်ဖော်ထုတ်ရန် တိုက်တွန်းထားသဖြင့် တိုကျိုစိုက်ပျိုးရေးနည်းပညာသုတေသန စင်တာက Sai no Kizuna ဟုခေါ်သော စပါးမျိုးကွဲတစ်မျိုးကို ထုတ်လုပ်နိုင်ခဲ့ပြီး အဆိုပါစပါးမျိုးသည် အပူဒဏ်၊ လေနှင့်အချို့သောပိုးမွှားများနှင့်ရောဂါများကို ခံနိုင်ရည်ရှိသဖြင့် စပါးစိုက်ပျိုးရာသီတွင် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

**Source : ရတနာပုံသတင်းစာ**

## ၂၀၂၄ခုနှစ်၏ ပထမ ၉လတွင် စံချိန်တင် ပြည်ပခရီးသွား ၄ ဒသမ ၈ သန်းလာရောက်လည်ပတ်ခဲ့သည့် ကမ္ဘောဒီးယား



၂၀၂၄ခုနှစ် ၏ ပထမ ၉ လတွင် ကမ္ဘောဒီးယားသို့ စံချိန်တင် ပြည်ပခရီးသွား ၄ ဒသမ၈ သန်း လာရောက်လည်ပတ်ခဲ့ပြီး ၂၀၂၃ ခုနှစ်၏ တူညီသည့်ကာလထက် ၂၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ခရီးသွားဝန်ကြီးဌာနက ၂၃-၁၀-၂၀၂၄ ရက်နေ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုအရေအတွက်သည် ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ် ပထမ ၉ လတာ အရေအတွက်၏ ၉၉ ဒသမ ၇ ရာခိုင်နှုန်းကို ရောက်ရှိခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံသည် ယခုနှစ် ပထမ ၉ လ တွင် ကမ္ဘောဒီးယားသို့ ပြည်ပခရီးသွားအများဆုံး လာရောက်လည်ပတ်ခဲ့သည့် နိုင်ငံစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေပြီး ၎င်းတို့နောက်တွင် ဗီယက်နမ်၊တရုတ်၊လာအိုနှင့်အမေရိကန်တို့က ရပ်တည်နေကြောင်း သိရသည်။

ခရီးသွားဝန်ကြီးဌာန၏ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သူ Top Sopheak က ကမ္ဘောဒီးယားသည်ယဉ်ကျေးမှုနှင့်ဂေဟဗေဒဆိုင်ရာ ခရီးသွားကဏ္ဍအတွက်ဦးတည်ရာပန်းတိုင်တစ်ခုဖြစ်ပြီးယူနက်စကိုစာရင်းဝင်ရှေးဟောင်းအမွေအနှစ်ဖြစ်သည့်Angkor Archaeological Park အတွက် နာမည်ကျော်ကြားကြောင်းပြောကြားခဲ့သည်။

ခရီးသွားကဏ္ဍသည် အဝတ်အထည်၊ ဖိနပ်နှင့် ခရီးသွားအသုံးအဆောင်တင်ပို့မှု၊ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာမြေကဏ္ဍတို့နှင့်အတူ ကမ္ဘောဒီးယား၏စီးပွားရေးကိုပံ့ပိုးပေးနေသည့် အဓိကထောက်တိုင်လေးခုထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၂၃ခုနှစ်တွင် နိုင်ငံသို့ ပြည်ပခရီးသွား ၅ဒသမ ၄၅ သန်းလာရောက်လည်ပတ်ခဲ့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ဒသမ ၀၈ ဘီလီယံရရှိခဲ့ကြောင်း ခရီးသွားဝန်ကြီးဌာနက သိရသည်။

**Source : Khmer Times**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/26254

## ထောပတ်သီးနှင့် မက္ကဒေးမီးယားအစေ့အဆန်တင်ပို့မှုအား ကင်ညာအစိုးရမှရုပ်ဆိုင်း



ကင်ညာနိုင်ငံသည် ဈေးကွက်အတွင်းသို့ မလိုလားအပ်သော ထုတ်ကုန်များ ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် ထောပတ်သီးနှင့် မက္ကဒေးမီးယားအစေ့အဆန်များတင်ပို့မှုကို ဆိုင်းငံ့ထားကြောင်း အာဏာပိုင်များက ကြေညာခဲ့သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ အတွင်းဝန် Andrew Karanja က ကင်ညာနိုင်ငံမြို့တော်နိုင်ရိုဘီတွင် မက္ကဒေးမီးယားတင်ပို့မှုနှင့် ရိတ်သိမ်းမှု တားမြစ်ချက်ကို ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ရက်နေ့အထိ စတင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ကုန်သည်များသည် စစ်ဆေးခြင်း၊အတည်ပြုခြင်းနှင့် ရှင်းလင်းခြင်းအတွက် ၎င်းတို့၏လက်ရှိစတော့ရှယ်ယာများကို နိုဝင်ဘာလ ၁၅ရက်နေ့အထိ နောက်ဆုံးထားပြီး တင်သွင်းရမည်ဖြစ်ကြောင်း karanja ကပြောကြားခဲ့သည်။

မလတ်ဆတ်သော မက္ကဒေးမီးယားအခွံမာသီးများကို ရိတ်သိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် တင်ပို့ခြင်းသည် ကမ္ဘာ့ဈေးကွက်တွင် ကင်ညာမှထွက်ကုန်၏ စွမ်းဆောင်ရည်ညှိဖျင်းမှုကို ဆိုင်းငံ့လိုက်ခြင်းသည် ကင်ညာနိုင်ငံတကာဈေးကွက်ကိုတည်တံ့စေပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရွယ်မရောက်သေးသောသီးနှံများကို ရိတ်သိမ်းခြင်းကြောင့်ဖြစ်ရသည့် သီးနှံလည်ပတ်မှုအဟန့်အတားကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

AFA မှ သစ်သီးဝလံအနည်းအကျဉ်းကို လေကြောင်းဖြင့် တင်ပို့ခွင့်ပြုထားသော်လည်း ရေကြောင်းမှ တင်ပို့ခြင်းကို ဆိုင်းငံ့ထားမှုသည်အောက်တိုဘာလ၂၅ရက်နေ့တွင်စတင်မည်ဖြစ်ကြောင်းမှတ်ချက်ပြုခဲ့သည်။

AFA သည် ထောပတ်သီးရင့်ကျက်မှုအခြေအနေကိုစောင့်ကြည့်ပြီး ဒီဇင်ဘာလ၊ပထမအပတ်တွင် ဆိုင်းငံ့မှုကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ကင်ညာသည် အခွံမာသီးနှင့် သစ်သီးအခြောက်များကို အဓိကအားဖြင့် အရှေ့အလယ်ပိုင်းဥရောပနှင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ထောပတ်သီးအား အဓိကတင်ပို့လျက်ရှိကြောင်းသိရသည်။

**Source : capitalfm**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/26254

## အမေရိကန်နိုင်ငံ၏တရုတ်နိုင်ငံအပေါ်ချမှတ်သည့်အကောက်ခွန်နှုန်းများကြောင့်ဘရာဇီးလ်သီးနှံ တင်ပို့မှုအပေါ် သတင်းကောင်းတစ်ရပ်ဖြစ်လာနိုင်

အကယ်၍ ဒေါ်နယ်ထရမ့်သာသမ္မတအဖြစ် ရွေးကောက်ခံရပါက တရုတ်နိုင်ငံအပေါ် အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမှုကြောင့် အမေရိကန်စိုက်ပျိုးထုတ်လုပ်သူများသည် ဒေါ်လာဘီလီယံများစွာဆုံးရှုံးကာ ဘရာဇီးလ်စိုက်ပျိုးထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်ရနိုင်ကြောင်း၊ သမ္မတလောင်း ဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံ၏ သွင်းကုန်အားလုံးအပေါ် အကောက်ခွန်နှုန်း ၁၀ မှ ၂၀ ရာခိုင်နှုန်းအထိ၊ တရုတ်နိုင်ငံမှ သွင်းကုန်များကို အကောက်ခွန်နှုန်း ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမည်ဟု အဆိုပြုထားရာ အမေရိကန်နိုင်ငံက ယင်းသို့အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံပါက တရုတ်နိုင်ငံဘက်မှလည်း လက်တုံ့ပြန်လာနိုင်ကြောင်း၊ အမေရိကန်စိုက်ပျိုးရေး ထုတ်ကုန်အများဆုံးကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ တရုတ်နိုင်ငံကလည်း အမေရိကန်မဟုတ်သည့် အခြားနိုင်ငံများမှ စိုက်ပျိုးရေးထုတ်ကုန်များကို ဝယ်ယူလာနိုင်ကြောင်း၊ အမေရိကန်နှင့်တရုတ်တို့အကြား

ကုန်သွယ်ရေးတင်းမာမှုမြင့်တက်လာပါက အမေရိကန်နိုင်ငံ၏ ထုတ်ကုန်များသည် ဘရာဇီးလ်နိုင်ငံ၏ ထုတ်ကုန်များနှင့်ယှဉ်ပြိုင်ရနိုင်ပြီး ပို့ကုန်ကျဆင်းလာနိုင်ကြောင်း၊အမေရိကန်ပြောင်းစိုက်ပျိုးသူများအသင်းနှင့်အမေရိကန်ပဲပုပ်စိုက်ပျိုးသူများအသင်းမှ စီးပွားရေးပညာရှင်များ၏ လေ့လာမှုအရအကယ်၍ အမေရိကန်နှင့်တရုတ်တို့အကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားခဲ့ပါ က ၂၀၁၈ ခုနှစ်၊ဒေါ်နယ်ထရမ့်၏ ပထမသမ္မတသက်တမ်းအတွင်း၌ ကြုံတွေ့ခဲ့ရသည့် စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုများကို ဖြစ်စေနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ အမေရိကန်နိုင်ငံ၏ ပဲပုပ်နှင့် ပြောင်းတင်ပို့မှုအများဆုံးနိုင်ငံဖြစ်ရာ အကယ်၍ တရုတ်နိုင်ငံက အမေရိကန်စိုက်ပျိုးရေးထုတ်ကုန်များအပေါ် သက်သာခွင့်ပေးသည့် အကောက်ခွန်နှုန်းများကို ပယ်ဖျက်ခဲ့လျှင် အမေရိကန်နိုင်ငံ၏ ပဲပုပ်တင်ပို့မှု တန်ချိန် ၁၆ သန်း၊ ၅၀ ရာခိုင်နှုန်းကျော်၊ ပြောင်းတင်ပို့မှုတန်ချိန် ၂ ဒသမ ၂ သန်း၊ ၈၄ ရာခိုင်နှုန်းကျော် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ လက်တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက အကောက်ခွန်နှုန်းအသစ် ထပ်မံသတ်မှတ်ကောက်ခံပါက ပို၍ဆုံးရှုံးနိုင်ခြေရှိကြောင်း၊ အမေရိကန်စိုက်ပျိုးရေးထုတ်ကုန်များအတွက် ဈေးကွက်အသစ်များ ရှာဖွေရနိုင်ခြေရှိပြီး မက္ကဆီကိုနိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန်များကို အစားထိုးတင်ပို့နိုင်သော်လည်း အကယ်၍ ဒေါ်နယ်ထရမ့်သမ္မတ အစိုးရလက်ထက်တွင် မက္ကဆီကိုနိုင်ငံနှင့်လည်း ကုန်သွယ်မှုပြတ်တောက်နိုင်သည့်အန္တရာယ်ရှိရာ မက္ကဆီကိုနိုင်ငံ ကလည်း အမေရိကန်မဟုတ်သည့် အခြားတောင်အမေရိကန်နိုင်ငံများမှသီးနှံများကို အစားထိုးဝယ်ယူနိုင်သည်ဟု Co Bank ၏ သီးနှံနှင့် ဆီထွက်သီးနှံများကို လေ့လာသည့်စီးပွားရေးပညာရှင် Mr. Tanner Ehmke က ဆိုကြောင်း၊ မက္ကဆီကိုနိုင်ငံသည်လည်း အမေရိကန်နိုင်ငံထံမှ ပြောင်းများကို ဝယ်ယူသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံက အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံခြင်းသည် တရုတ်နှင့် တောင်အမေရိကနိုင်ငံများအကြား ကုန်သွယ်ရေးကို ပို၍ခိုင်မာစေမည်ဖြစ်ကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကြောင့် အကျိုးအမြတ်များစွာရရှိခဲ့ပြီး ၎င်း၏စိုက်ပျိုးရေးကဏ္ဍမှာလည်း တိုးတက်လာခဲ့ကြောင်း၊ အကယ်၍ ဒေါ်နယ်ထရမ့်၏ ဒုတိယသမ္မတသက်တမ်းအတွင်း တရုတ်နိုင်ငံနှင့် တစ်ကျော့ပြန်ကုန်သွယ်ရေးစစ်ပွဲ ပြန်လည်ဖြစ်ပွားပါက အမေရိကန်သီးနှံများအပေါ် တရုတ်နိုင်ငံ၏ဝယ်လိုအား ထိခိုက်နိုင်မည်ဖြစ်ကြောင်း၊ အကောက်ခွန်နှုန်းတိုးမြှင့်မှုသည် ဈေးနှုန်းတိုးလာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ သို့ရာတွင် တရုတ်နိုင်ငံသည် လက်ရှိတွင် ပထဝီနိုင်ငံရေးတင်းမာမှုနှင့် ဈေးနှုန်းများမြင့်တက်မှုကြောင့် အမေရိကန်နိုင်ငံအစား အခြားနိုင်ငံများထံမှ စိုက်ပျိုးရေးသီးနှံများ ပြောင်းလဲဝယ်ယူလျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်သည့်အလားအလာအပေါ် မူတည်၍ အမေရိကန်သမ္မတလောင်းများ၏ ရွေးကောက်ခံရနိုင်ခြေကို သုံးသပ်လျက်ရှိကြရာ သမ္မတရွေးကောက်ပွဲသည် ၆ ရက်သာ လိုတော့သည့်အချိန်တွင် အမေရိကန်သမ္မတလောင်းများ၏ ကုန်သွယ်ရေးနှင့် အကောက်ခွန်မူဝါဒတို့အပေါ် သုံးသပ်လျက်မှုများကို သတင်းဌာနများက ပိုမိုအလေးထား ဖော်ပြလျက်ရှိသည်။

အကယ်၍ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်နိုင်ငံက အမေရိကန်မဟုတ်သည့် အခြားနိုင်ငံများထံမှ စိုက်ပျိုးရေးသီးနှံများ ဝယ်ယူရန်စဉ်းစားမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သကဲ့သို့ လက်ရှိတွင်လည်း စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့လျက်ရှိရာ ယင်းအခြေအနေကိုအသုံးပြု၍ မြန်မာ့စိုက်ပျိုးရေး ထုတ်ကုန်များတရုတ်သို့တိုးမြှင့်တင်ပို့နိုင်ရန်ကြိုးပမ်းဆောင်ရွက်နိုင်ရေးကြိုတင်ပြင်ဆင်သင့်ပါသည်။

**Source: Wall Street Journal**

**စီးပွားရေးသံမှူး၊ဝါရှင်တန်**

https://myantrade.gov.mm/article/Naypyitawstp_311020241101

# STOCK EXCHANGE (31.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 31st Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,384 (Shares) | 24,512,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 173 | 1,453,200 | 33,109,694 | 278,121 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 5,240 | 17,292,000 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 59 | 495,600 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 100 | 195,000 | 29,664,613 | 57,846 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 700 | 1,155,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 230 | 1,035,000 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,250 | 3,300 | 3,200 | 882 | 2,886,300 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 31st Oct. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 395.46 | -1.16 | -0.29% | 395.46 | 396.09 | 394.83 | 7,384 | 24,512,100 | 8 | 745,914 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 31st Oct. 2024

| Trading Volume | Trading Value |
|---|---|
| 7,384 (Shares) | 24,512,100 (MMK) |

### Main Board

As of 1:00 pm, 31st Oct. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,384 (Shares) | 24,512,100 (MMK) |

| MYANPIX | 395.46 ▼ 1.16 |
|---|---|
| Total Volume (shares) | 7,384 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 745,914 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▼ 50 |